# ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲဖိတ်ကြားလွှာ

အို–ဓမ္မမိတ်ဆွေအပေါင်း သူတော်ကောင်းတို့

သာသနာတော်သက္ကရာဇ် ၂၅၅၄၊မြန်မာသက္ကရာဇ် ၁၃၇၂–ခု၊ခရစ်နှစ်–၂၀၁၀–ခု၊ဇူလိုင်လ(၂၇)ရက်
အင်္ဂါနေ့တွင် သက်တော်ထင်ရှားမြတ်စွာဘုရားရှင်အားရည်မှန်း၍ ဓမ္မစကြာစုပေါင်း
ရွတ်ဖတ်ပူဇော်ပြီး ဘုရားအမှူးရှိသော သံဃာတော်အရှင်သူမြတ်တို့အား
ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒန်းခြင်း အခမ်းနားကို ဓမ္မာလောကကျောင်းတိုက်တွင်
စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်ပါ၍မပျက်မကွက် သဒ္ဓါထက်သန်စွာ ကြွရောက်ပါရန်
လေးစားစွာဖိတ်ကြားအပ်ပါသည်။

နေ့ရက် --**July.27.2010 (tuesday)**၊(၁၃၇၂–ခု၊ဒုတိယဝါဆိုလပြည့်ကျော်(၁)ရက်)။
နေရာ --- **Dhammaloka Buddhist Society, 2500 Acapulco Dr.,**
**Miramar, FL 33023, ph;(954)962-3325/(954)234-5725.**
အချိန်––– ညနေ (၇)နာရီ၊မြန်မာရိုးရာအစားအစာများ စုပေါင်းညီညာ ပျော်ရွှင်စွာစားသောက်ကြရန်၊ ညနေ(၇)နာရီ(၃၀)တွင် အတူတကွ စုပေါင်းဓမ္မစကြာရွတ်ဖတ် ပူဇော်ရန် (၈)နာရီ(၃၀)မိနစ်တွင် သံဃာတော်အရှင်သူမြတ်တို့အားဝါဆိုသင်္ကန်းကပ် လှူပြီး အနုမောဒနာတရား နာကြား၍ ရေစက်ချ အမျှဝေရန်

မှတ်ချက် ––– ဝါဆိုသင်္ကန်းတစ်စုံလျှင် (၅၀)ဒေါ်လာနှုန်းဖြင့် ကိုယ်တိုင်ဖြစ်စေ၊ စာတိုက်မှ ချက်ဖြင့်ဖြစ်စေ လှူဒါန်းနိုင်ပါသည်။ မိမိတို့ လှူဒါန်းကျွေးမွေးလိုသော မြန်မာ့ရိုးရာအစားအစာများကို မိမိတို့နှင့်တပါတည်း ယူဆောင်လာနိုင်ပါသည်။

အမှုဆောင်အဖွဲ့
ဓမ္မာလောက ဗုဒ္ဓဘာသာအသင်း

သင်္ကန်းလှူရကျိုးများ။ ။ ရုပ်ရည်အဆင်း၊ ဝါဝင်းရွှေသွင်၊ ညစ်ကြေးပြစ်ကင်း၊ သန့်ရှင်းကြည်လင်၊ ကိုယ်အရောင်ထွက်၊ ဝင်းလက်သန့်စင်၊ ပူပန်ကင်း၊ ကိုယ်တွင်း ငြိမ်းအေးစင်၊ လဲဝါဂွမ်းနု၊ ပုံပြုကိုယ်သွင်၊ ရာထောင်မက၊ ပေါစွာ့ဝတ်ဆင်၊ ရောင်စုံထည်လှ၊ ဝတ်ရသည်ပင်၊ ခေါ်မမည်၊ ပိုးချည် ဝါစုံလင်၊ လိုလျှင်ရစေ၊ ပဒေသာပင်၊ မဟာလတာ တန်ဆာဝတ်ဆင်၊ သင်္ကန်းအကျိုး၊ ဆယ်မျိုးသိမြင်၊ သံဃာမှန်း၊ လှူဒါန်းနိဗ္ဗာန်ဝင်။